"စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အလမ်းများဖြင့် နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေး အခွင့်အရေးများကို ကာကွယ်ခြင်း"

**ပါဝင်ပတ်သက်ဆက်နွယ်သူများအတွက် နည်းလမ်း- စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေး များ ဖော်ဆောင်ရေးကော်မတီ (CESCR) ဖြင့် အများပြည်သူနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများနှင့် စပ်လျဉ်းသည့် ကိစ္စများကို ဖော်ထုတ်ခြင်း**

မှ အများပြည်သူနှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေး ဗဟိုဌာန (CCPR Centre)

---

ယခုထုတ်ပြန်ချက်ပါ အကြောင်းအရာများကို အရင်းအမြစ်ပိုင်ဆိုင်သူဖြစ်သည့် CCPR Centre ၏ အသိ အမှတ်ပြုမှု ရရှိပါက စီးပွားဖြစ်မဟုတ်သည့် ရည်ရွယ်ချက်ဖြင့် ပြန်လည်ထုတ်ဝေခြင်း၊ ဖြန့်ဝေခြင်းတို့ ပြုလုပ်နိုင်ပါသည်။

ယခု ထုတ်ပြန်ချက်ကို (CESCR) မှ ဥက္ကဋ္ဌဟောင်း Ms. Virginia Bras Gomes ၏ ပံ့ပိုးကူညီမှုဖြင့် CCPR Centre မှ Asia Pacific Coordinator Daisuke Shirane က ရေးသားပြင်ဆင်ပါသည်။


တည်းဖြတ် - Làzarie Eeckeloo (Human Rights Officer, CCPR Centre)

မြန်မာဘာသာပြန် - Myat Thu Rein

ပံ့ပိုးမှု - မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်သံရုံးနှင့် ဗြိတိသျှသံရုံး ရန်ကုန်။

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra
Embassy of Switzerland in Myanmar

UKaid



CCPR-Centre - လိပ်စာ - Rue de Varembé 1 CH-1202 Geneva Switzerland; postal address: PO Box 183 CH-1211 Geneva Switzerland; Tel: +41 (0)22 33 22 555; Email: info@ccprcentre.org; Website: www.ccprcentre.org

မာတိကာ

ဥပဒေကျမ်းဖြင့်

၁။ နိဒါန်း

၂။ ICCPR နှင့် ICESCR အပိုဒ်ခွဲများကို ပိုင်းခြားသတ်မှတ်ချက်များ

၃။ HR ကော်မတီနှင့် CESCR တို့မှ တင်ပြလာသည့် အရေးကြီးကိစ္စ ဥပမာများ

## ဥပယျာဇဉ်

"စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အလမ်းများဖြင့် နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေး အခွင့်အရေးများကို ကာကွယ်ခြင်း" ဟုသော လက်စွဲတွင် နိဒါန်းရေးခွင့်ရသည်အတွက် မိမိအနေဖြင့် များစွာ ဝမ်းမြောက်ပါသည်။

လူ့အခွင့်အရေးဆိုင်ရာ ၁၉၉၃ခုနှစ် ဗီယင်နာ ညီလာခံမှ စတင်၍ လူသားများ၏ အခွင့်အရေးများ အားလုံးသည် လူတိုင်းနှင့် သက်ဆိုင်ပြီး ခွဲခြားသတ်မှတ်ခြင်းမပြုနိုင်ဘဲ တစ်ခုနှင့် တစ်ခုလည်း ဆက်စပ်တည်ရှိနေကြောင်း နိုင်ငံရေးစကားဝိုင်းများဖြင့် အစဉ်တစိုက် ပြောဆိုလာခဲ့ကြသည်။ သို့သော် မြေပြင်တွင် လက်တွေ့ကျကျ ပြောဆိုမှုများပိုမိုဆောင်ရွက်ရန် လိုအပ်နေပြီး သက်ဆိုင် သူများ အားလုံး အနေနှင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု ဆိုင်ရာ အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘော တူညီချက်နှင့် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်များမှ အမှန်တကယ် အကျိုးတရားရရှိနိုင်ရန် ဆောင်ရွက်ရ ဦးမည်ဖြစ်သည်။

ယခုလက်တွေ့ဆောင်ရွက်မှုအသားပေးနည်းစနစ်သည် Centre for Civil and Political Rights မှ Daisuke Shirane က ဖော်ထုတ်ထားခြင်းဖြစ်ပြီး အထက်ပါရည်မှန်းချက်ကို ဦးတည်သော ပထမ ခြေလှမ်းတစ်ရပ် ဖြစ်သည်။ သဘောတူညီချက်များ၏ အပြန်အလှန်ဆက်နွယ်နေသော ပြဿနာချက်များနှင့် အရေးကြီးသော အခွင့်အရေးများကို အာရုံစိုက်ပြီး လူ့အခွင့်အရေးကော်မတီနှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးကော်မတီများ၏ အပြီးသတ်သုံးသပ်ချက်များကို အသုံးပြုလျက် ၎င်းသည် ကော်မတီနှစ်ရပ်စလုံးက စောင့်ကြည့်ရမည့် အခွင့် အရေးများနှင့် ပတ်သက်ပြီး အားဖြည့်ခြင်းနှင့် ဆက်စပ်မှုများ အတွက် ရှင်းလင်းသော နမူနာများ ဖော်ပြထားသည်။

ရည်ရွယ်ချက်မှာနိုင်ငံအလိုက် သင့်လျော်သော သတင်းအချက်အလက်များ ရရှိစေရန်နှင့် အရပ်ဘက်အဖွဲ့ အစည်းများနှင့် အခြားသော သက်ဆိုင်သူများကို မိမိတို့၏ ကန့်သတ်နယ်မြေ အပြင်ဘက်သို့ ထွက်၍ ကော်မတီ နှစ်ရပ်စလုံးတွင် ချိတ်ဆက်ကာ လုပ်ငန်းများ တိုးပွားဆောင်ရွက်လာနိုင်ရန် ဖြစ်ပါသည်။

ယခုလက်စွဲစာအုပ်၏ ပါဝင်အခန်းများနှင့် ပေးအပ်သော သတင်းစကားလုံး ရှင်းလင်းပြတ်သားမှုသည် မြေပြင်တွင် လူ့အခွင့်အရေးများ တိုးပွားရရှိစေလိုသော လူသားတိုင်းအတွက် အသုံးဝင်မည်ဖြစ်ကြောင်း မိမိကောင်းစွာ ယုံကြည် ပါသည်။

*Virginia Bras Gomes*

*စီးပွားရေး၊ လူမှုနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ UN Committee ၏ ဥက္ကဋ္ဌဟောင်း*

## ၁။ နိဒါန်း

မြေပြင်တွင် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် International Covenant on Civil and Political Rights (ICCPR) ၏ ပိုမိုကောင်းမွန်သော အကောင်အထည်ဖော်ခြင်းနှင့် Un Human Rights Committee (HR Committee) ၊ နိုင်ငံအတွင်း သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ICCPR နှင့် International Covenant on Economic, social and Cultural Rights (ICESCR) တို့သည် လုံးဝကွဲပြားသော အာရုံစိုက်မှုနှင့် မတူညီသောကိစ္စရပ်များကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း မကြာခဏ နားလည်မိပါသည်။ အရပ်ဘက် အဖွဲ့အစည်းများအပါအဝင် သက်ဆိုင်သူများ၏ ချဉ်းကပ်မှုသည် နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများနှင့် ပတ်သက် လာလျှင် ICCPR ၏ လုပ်ငန်းအကောင်အထည်ဖော်မှုများကို စောင့်ကြည့်သည့် HR Committee တစ်ခုတည်းနှင့်သာ ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်သည်။ ICESCR ၏ လုပ်ငန်း အကောင်အထည်ဖော်မှုများကို စောင့်ကြည့်သည့် Committee on Economic, Social and Cultural Rights (CESCR) နှင့်မူ ထိတွေ့ဆက်ဆံခြင်း အလွန်နည်းပါးကာ မရှိသလောက်ပင် ဖြစ်သည်။

အကြောင်းရင်းမှာ ကျွမ်းကျင်မှုမရှိခြင်း၊ အရင်းအမြစ်နှင့် စွမ်းဆောင်ရည်မရှိခြင်း စသည်ဖြင့် များစွာရှိနိုင်သော်လည်း ICESCR နှင့် CESCR တို့ကိုလည်း ထိတွေ့ဆက်ဆံခြင်းဖြင့် နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများကို ပိုမိုကာကွယ်စောင့်ရှောက်နိုင်မည့် အခွင့်အရေးများကို ရှာဖွေဖော်ထုတ်သင့်ပါသည်။ ICCPR နှင့် ICESCR အပါအဝင် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများဖြင့် ကာကွယ်စောင့်ရှောက်ထားသော လူ့အခွင့်အရေးများသည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေပြီး အပြန်အလှန်အားဖြည့်ထားသည့်အတွက် ထိုကဲ့သို့သော ချဉ်းကပ်မှုနည်းလမ်းသည် သက်ဆိုင်သူများအားလုံးအနေနှင့် ပြဿနာများကို မတူညီသောရှုထောင့်များမှ ချဉ်းကပ်နိုင်ပြီး လူ့အခွင့်အရေးဆိုင်ရာ အခြေအနေများကို ပိုမိုကျယ်ပြန့်စွာ တိုးတက်ဖြစ်ပေါ်စေနိုင်မည် ဖြစ်သည်။ ထိုကဲ့သို့သော အခြေအနေတွင် ယခု နည်းစနစ်သည် သဘောတူညီချက်နှစ်ခုအကြား ဆက်စပ်မှုများကို ရှာဖွေဖော်ထုတ်ရန်နှင့် HR Committee နှင့် သက်ဆိုင်သူများဆွေးနွေးသော ကိစ္စရပ်များအနက် မည်သည့်ကိစ္စရပ်များကို CESCR နှင့်လည်း ထိတွေ့ဆောင်ရွက်နိုင်မည်ဆိုသည်ကို ဖော်ထုတ်ရန် ရည်ရွယ်ပါသည်။ သဘောတူညီချက်နှစ်ခုစလုံးတွင် ပါဝင်သော တူညီသည့် ပြဋ္ဌာန်းချက်များ (အပိုဒ် ၁ - ၅) ကို ဖော်ထုတ်ကာ ICCPR ၏ အရေးကြီးသော အပိုဒ်များ (အပိုဒ် ၆ - ၂၇) နှင့် ICESCR ၏ အရေးကြီးသော အပိုဒ်များ (အပိုဒ် ၆ - ၁၅) တို့၏ အဓိကအကြောင်းအရာများကိုလည်း နှိုင်းယှဉ်ထားပါသည်။ ထို့ပြင် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ နှင့် ၂၀၁၉ ခုနှစ် မတ်လအကြား ကော်မတီ၏ အစည်းအဝေး တစ်ဆယ့်တစ်ခုဖြင့် (၅၄ ကြိမ်မှ ၆၅ ကြိမ်အထိ) အဖွဲ့ဝင်နိုင်ငံများ၏ ပြန်လည်သုံးသပ်ချက်ဖြင့် CESCR က ချမှတ်ခဲ့သော ၆၁ အဆုံးသတ်လေ့လာသုံးသပ်ခြင်းများကိုလည်း တင်ပြထားပါသည်။

ထို့ကြောင့်ယခုလက်စွဲသည် မြေပြင်တွင် HR Committee နှင့်သာမက CESCR နှင့်လည်း ချိတ်ဆက်ဆောင်ရွက်နိုင်မည့် ဆက်စပ်နေသော ကိစ္စရပ်များကို နမူနာဖော်ပြပေးကာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် ဆောင်ရွက်နေသူအတွက် အဓိက ရည်ရွယ်ထားသည်။ အခြားတစ်ဖက်တွင်မူ ယခုလက်စွဲသည် ICCPR နှင့် ICESCR နှစ်ခုစလုံးတွင် အဖွဲ့ဝင်ဖြစ်သော နိုင်ငံများတွင် ရှိသော သက်ဆိုင်သူများအားလုံးအနေနှင့် အရေးကြီးသော ကိစ္စရပ်များကို ကော်မတီနှစ်ရပ်စလုံးနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါသည်။ ထို့အပြင် ICESCR ၏ အဖွဲ့ဝင်ဖြစ်သော်လည်း ICCPR တွင် ပါဝင်ခင်းမရှိသေးသော နိုင်ငံများ အနေနှင့် CESCR နှင့် ချိတ်ဆက်၍ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများနှင့် ပတ်သက်သော ၎င်းတို့၏ ပြဿနာများကို ဆွေးနွေးနိုင်ရန် အခွင့်အလမ်းသစ်များ ရရှိစေမည်ဖြစ်ပါသည်။

ကော်မတီနှစ်ရပ်စလုံးက ဆောင်ရွက်သော ဘုံကိစ္စရပ်များ ရှိသော်လည်း သူတို့၏ လုပ်ငန်းများသည် ထပ်တူညီနေသည်ဟု မဆိုလိုဘဲ သဘောတူညီချက်များနှင့် ကော်မတီများသည် မြေပြင်တွင် ဖြစ်ပေါ်နေသော ရှုပ်ထွေးနက်နဲကာ

ဆက်စပ် နေသော လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို မတူညီသော ရှုထောင့်များဖြင့် အပြန်အလှန် အားဖြည့်ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

မြေပြင်တွင် သက်ဆိုင်သူများ၏ မတူညီသော လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် CCPR Centre က ပြင်ဆင်ထားသော အခြားရင်းမြစ်များနှင့် အတူ ယခုနည်းစနစ်ကို အသုံးချနိုင်ပြီး သက်ဆိုင်သူများနှင့် မည်သို့ ထိတွေ့ဆောင်ရွက်မည်ဆိုသော ကိစ္စများ၊ ဆွေးနွေးရမည့် ကိစ္စရပ်များ၊ UN Human Rights အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို အသုံးချခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းများကို ထိရောက်စွာ အစဉ်မပြတ် သိရှိနိုင်ရေး တို့အပါအဝင် ICCPR နှင့် HR Committee ၏ လုပ်ငန်းများအကြောင်း ပိုမိုနားလည်သိရှိနိုင်မည်ဖြစ်ပါသည်။ Centre ၏ Website တွင် စာအုပ်စာတမ်းများ ရယူနိုင်ပါသည်။ ထိုစာအုပ်စာတမ်းများကိုတစ်ခုချင်းဖြစ်စေ စုပေါင်း၍ ဖြစ်စေ သက်ဆိုင်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး လေ့ကျင့်သင်ကြားမှုများတွင် အသုံးပြုနိုင်ပါသည်။ CCPR Centre ကိုလည်း ဆက်သွယ်၍ HR Committee (နှင့် အခြားသော UN HR အဖွဲ့အစည်းများ) နှင့် ထိတွေ့ ဆက်ဆံရေးလုပ်ငန်းများ၊ မြေပြင်အခြေအနေအရ လိုအပ်ချက်များ နှင့်အညီ UN HR စနစ်ကို ပိုမိုထိရောက်စွာ အသုံးချနိုင်ရေးအတွက် သင်တန်းများနှင့် မဟာဗျူဟာ ရေးဆွဲခြင်း လုပ်ငန်းများ စသည်တို့အတွက် အကူအညီများ ရယူနိုင်ပါသည်။

## ၁။ ICCPR နှင့် ICESCR တို့၏ ဘုံနှင့် တူညီသော ပြဋ္ဌာန်းချက်များ

| အပိုဒ်များ | ICCPR | ICESCR |
|---|---|---|
| ၁ | လူတိုင်းတွင် ကိုယ့်ကြမ္မာ ကိုယ်ဆုံးဖြတ်ခွင့်ရှိသည်။ | လူတိုင်းတွင် ကိုယ့်ကြမ္မာကိုယ်ဆုံးဖြတ်ခွင့်ရှိသည်။ |
| ၂ | မျိုးနွယ်၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ကိုးကွယ်မှု၊ နိုင်ငံရေး သို့မဟုတ် အခြားသော ယုံကြည်ချက်များ၊ နိုင်ငံသား သို့မဟုတ် အခြားသော လူမှုရေးအခြေခံ၊ ပိုင်ဆိုင်မှု၊ မွေးဖွားခြင်း သို့မဟုတ် အခြားသော အကြောင်းအရာများအပေါ် မူတည်၍ ခွဲခြား ဆက်ဆံခြင်း<br><br>သဘောတူညီချက်ကို ချမှတ်ခဲ့သော ဖွဲ့စည်းပုံဆိုင်ရာနှင့် ဥပဒေဆိုင်ရာ မူဘောင်နှင့် ကုစားရေး | မျိုးနွယ်၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ကိုးကွယ်မှု၊ နိုင်ငံရေး သို့မဟုတ် အခြားသော ယုံကြည်ချက်များ၊ နိုင်ငံသား သို့မဟုတ် အခြားသော လူမှုရေးအခြေခံ၊ ပိုင်ဆိုင်မှု၊ မွေးဖွား ခြင်း သို့မဟုတ် အခြားသော အကြောင်း အရာများ အပေါ် မူတည်၍ ခွဲခြားဆက်ဆံခြင်း<br><br>နိုင်ငံသားမဟုတ်သူများ၏ စီးပွားရေးဆိုင်ရာ အခွင့် အရေးများနှင့် အများဆုံးရရှိနိုင်သော ရင်းမြစ်များ |
| ၃ | အမျိုးသားနှင့် အမျိုးသမီးများ၏ ညီမျှသော အခွင့် အရေးများ | အမျိုးသားနှင့် အမျိုးသမီးများ၏ ညီမျှသော အခွင့်အရေးများ |
| ၄ | လျှော့ပေါ့ခြင်း | အခွင့်အရေးဆိုင်ရာ ကန့်သတ်မှုများ |
| ၅ | မမှန်ကန်သော အသုံးပြုများအား တားမြစ်ခြင်းနှင့် ပလပ်ခြင်းစာပိုဒ် | မမှန်ကန်သော အသုံးပြုများအား တားမြစ်ခြင်းနှင့် ပလပ်ခြင်းစာပိုဒ် |

သဘောတူညီချက်နှစ်ရပ်စလုံး၏ အပိုဒ် (၁) သည် တူညီပြီး လူများ၏ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ကို အကာအကွယ် ပေးထားသည်။ ဖော်ပြချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ လူသားများအားလုံးသည် မိမိကြမ္မာ မိမိဖန်တီးနိုင်ခွင့် ရှိသည်။ ထို့ကြောင့် မိမိ၏ နိုင်ငံရေးရပ်တည်ချက်ကို မိမိဘာသာ ဆုံးဖြတ်နိုင်ပြီး မိမိ၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဖွံ့ဖြိုးရေးအတွက် လွတ်လပ်စွာ ဆောင်ရွက်နိုင်သည်။

၂။ လူသားများအားလုံးသည် နိုင်ငံတကာဥပဒေများနှင့် အပြန်အလှန်အကျိုးစီးပွားဆိုင်ရာ မူများအပေါ် အခြေခံသော နိုင်ငံတကာ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမှ ဖြစ်ပေါ်လာသော လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားရန် မလိုဘဲ မိမိတို့၏ ကိုယ်ပိုင်အကျိုးစီးပွားအတွက် ကိုယ်ပိုင်သဘာဝကြွယ်ဝမှုများနှင့် သယံဇာတအရင်းအမြစ်များကို လွတ်လပ်စွာ သုံးစွဲနိုင်သည်။ မည်သည့်လူသားမဆို စားဝတ်နေရေးအတွက် လိုအပ်ချက်များကို ရရှိစေရမည်။

၃။ Non-Self-Governing နှင့် Trust Territories များကို အုပ်ချုပ်ရေးအတွက် တာဝန်ရှိသူများအပါအဝင် ယခုသဘောတူညီချက်၏ အဖွဲ့ဝင်နိုင်ငံများသည် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့် ရရှိရေးကို ဆောင်ရွက်မည်ဖြစ်ပြီး ကုလသမဂ္ဂပဋိဉာဉ်၏ ပြဋ္ဌာန်းချက်များနှင့်အညီ ထိုအခွင့်အရေးကို လေးစားလိုက်နာသွားမည်ဖြစ်သည်။

သဘောတူညီချက်နှစ်ခုစလုံး၏ အပိုဒ် (၂) သည် ခွဲခြားဆက်ဆံမှု မပြုရေး စည်းမျဉ်းကို ဖော်ထုတ်ထားပြီး အသိအမှတ်ပြုထားသော အခွင့်အရေးများကို ကာကွယ်ရန်နှင့် ခွဲခြားဆက်ခံမှု ဖြစ်ပေါ်လာစေသော တူညီသည့် အကြောင်းအရင်းများကို တွေ့ရှိနိုင်သည်။ ၎င်းသည် ဖွင့်ထားသော စာရင်းတစ်ခုဖြစ်သည်။ အခြားသော အခြေအနေများကို ရည်ညွှန်းချက်သည် အခြားသော လူ့အခွင့်အရေးစာတမ်းများ (တိုင်းရင်းသားမျိုးနွယ်၊ ကိုယ်လက်အင်္ဂါမသန်စွမ်းမှုနှင့် အသက်အရွယ်ဆိုင်ရာ) တွင် ပါဝင်သည့် ခွဲခြားဆက်ဆံမှု ဖြစ်ပေါ်နိုင်စေသော အကြောင်းအရာများကို ထည့်သွင်းစဉ်းစားနိုင်ရန် လမ်းဖွင့်ထားခြင်း ဖြစ်သည်။

အပိုဒ် (၂) ICCPR သည် အဖွဲ့ဝင်နိုင်ငံများသည် သဘောတူညီချက်ကို အကောင်အထည်ဖော်ဆောင်ရန် လိုအပ်သော ဥပဒေဆိုင်ရာ နည်းလမ်းများကို ချမှတ်ဆောင်ရွက်ရန် ဖော်ပြထားပြီး လူသားတိုင်း၏ ထိရောက်သော ကုစားမှုရရှိနိုင်ရေး အခွင့်အရေးကိုလည်း အာမခံထားသည်။ အပိုဒ် (၂) ICESCR သည်လည်း အလားတူ အဖွဲ့ဝင်နိုင်ငံများအနေနှင့် ဆောင်ရွက်ရမည့် ကိစ္စများတွင် ရရှိနိုင်သော အမြင့်ဆုံးသော ရင်းမြစ်များ အထူးအားဖြင့် ဥပဒေနည်းလမ်းများကို ဆောင်ရွက်ရန် ဖော်ပြထားပါသည်။ အပိုဒ် (၂) ICESCR သည် ဖွံ့ဖြိုးဆဲနိုင်ငံများအနေနှင့် နိုင်ငံသားမဟုတ်သူများ၏ စီးပွားရေးအခွင့်အရေးများကို ကာကွယ်ရန် အတိုင်းအတာတစ်ရပ်ကို ဆုံးဖြတ်နိုင်ကြောင်း အတိအကျ ဖော်ပြထားသည်။

သဘောတူညီချက်နှစ်ခုစလုံး၏ အပိုဒ် (၃) သည် သက်ဆိုင်ရာ သဘောတူညီချက်များတွင် ဖော်ပြထားသော အခွင့်အရေးများကို အမျိုးသားနှင့် အမျိုးသမီး ညီမျှစွာ ခံစားနိုင်သည့် အခွင့်အရေးရှိကြောင်း အာမခံထားသည်။

အပိုဒ် (၄) ICCPR သည် သဘောတူညီချက်၏ အပိုဒ်အချို့မှ အဖွဲ့ဝင်နိုင်ငံများ လျှော့ပေါ့နိုင်သော အနေအထားကို ဖော်ပြထားပြီး အပိုဒ် (၄) ICESCR သည် သဘောတူညီချက်တွင် အသိအမှတ်ပြုထားသော အခွင့်အရေးများကို ခံစားခွင့်ရရှိရေး ဆောင်ရွက်ရာတွင် အဖွဲ့ဝင်နိုင်ငံများက အကန့်အသတ်ပြုနိုင်သော အနေအထားများကို ပြောကြားထားသည်။

သဘောတူညီချက်နှစ်ခုစလုံး၏ အပိုဒ် (၅) သည် အခြားသူများ၏ အခွင့်အရေးများကို ကန့်သတ်ရန် ယခုသဘောတူညီချက်များအား မလျော်ကန်စွာ အသုံးချခြင်းကို တားမြစ်ထားပြီး ယခုသဘောတူညီချက်များသည် အနည်းဆုံးစံနှုန်းများကိုချမှတ်ထားခြင်းသာ ဖြစ်ကြောင်း တူညီသည့် စကားအသုံးအနှုန်းများဖြင့် ဖော်ပြထားပါသည်။

## ၁။ ICCPR နှင့် ICESCR တို့၏ အပိုဒ်များအကြား ဆက်စပ်သော ပြဌာန်းချက်များ

ICCPR နှင့် ICESCR တို့၏ အချို့သော အပိုဒ်များသည် တူညီသော သဘောတရားရှိသည့် အကြောင်းအရာများနှင့် ဆက်နွယ်လျက်ရှိပြီး ၄င်းတို့၏ အာရုံစိုက်မှုမှာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများ (သို့မဟုတ်) စီးပွားရေး၊ လူမှုနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ ဖြစ်ပါသည်။ ထို့ကြောင့် ၄င်းတို့သည် ကော်မတီနှစ်ရပ်အနေနှင့် မတူညီသော ရှုထောင့်များမှ ချဉ်းကပ်ရန် အခြေခံများ ဖြစ်လာပါသည်။ အောက်ပါဇယားတွင် ICCPR နှင့် ICESCR တို့၏ အရေးကြီးသော အပိုဒ်များကို နှိုင်းယှဉ်ဖော်ပြထားကာ ဆက်စပ်မှုများကိုလည်း ရှင်းလင်းတင်ပြထားပါသည်။

| အပိုဒ်များ | ICCPR | | ICESCR |
|---|---|---|---|
| ၂၂ | လုပ်သားသမဂ္ဂများအား ဖွဲ့စည်းခွင့်နှင့် ပါဝင်ခွင့်အပါအဝင် လွတ်လပ်စွာ အဖွဲ့အစည်းများဖွဲ့စည်းခွင့် | ၈ | လုပ်သားသမဂ္ဂများအား လွတ်လပ်စွာ ဖွဲ့စည်းခွင့်နှင့် ပါဝင်ခွင့်၊ လွတ်လပ်စွာ လုပ်ငန်းဆောင်ရွက်ခွင့်နှင့် ဆန္ဒပြခွင့် |
| ၂၃ | လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်၏ ကာကွယ်စောင့်ရှောက်မှုကို မိသားစုအနေနှင့် ရရှိခွင့် | ၁၀.၁ | မိသားစုအား ဖြစ်နိုင်သမျှ အကျယ်ပြန့်ဆုံး ကာကွယ်စောင့်ရှောက်မှုနှင့် ထောက်ပံ့မှုများ ပေးအပ်ခြင်း |
| ၂၄ | ခွဲခြားဆက်ဆံမှုမရှိဘဲ ကလေးသူငယ်အား ကာကွယ် စောင့်ရှောက်ခွင့် | ၁၀.၃ | ခွဲခြားဆက်ဆံမှုမရှိဘဲ ကလေးသူငယ်များနှင့် ငယ်ရွယ်သူများအား ကာကွယ်စောင့်ရှောက်ခြင်းနှင့် ထောက်ပံ့ခြင်းအတွက် အထူးဆောင်ရွက်ချက်များ |
| ၂၇ | မျိုးနွယ်ဆိုင်ရာ၊ ကိုးကွယ်မှုဆိုင်ရာ၊ သို့မဟုတ် ဘာသာစကားဆိုင်ရာ လူနည်းစုများအနေနှင့် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုးကွယ်မှုနှင့် ဘာသာစကား ကျင့်သုံးနိုင်ရေး အခွင့်အရေးရရှိရေး | ၁၅ | သိပ္ပံဆိုင်ရာ တိုးတက်မှုများမှ အကျိုးတရားများနှင့် ယဉ်ကျေးမှုများကို ပါဝင်ခံစားရရှိခြင်း |

အပိုဒ် (၂၂) ICCPR သည် ကုန်သွယ်ရေးသမဂ္ဂများ ဖွဲ့စည်းခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်အပါအဝင် လွတ်လပ်စွာ အဖွဲ့အစည်းများ ဖွဲ့စည်းခွင့်ကို လူသားတိုင်း၏ အခွင့်အရေးအဖြစ် ကာကွယ်ထားသည်။ အပိုဒ် (၈) ICESCR တွင်မူ ကုန်သွယ်ရေးသမဂ္ဂများ ဖွဲ့စည်းခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်သာမက သမဂ္ဂများ၏ အခွင့်အရေးများကိုပါ ကျယ်ပြန့်စွာ ဖော်ပြထားသည်။ ထို့အပြင် ဆန္ဒပြခွင့်ကိုလည်း ထည့်သွင်းထားသည်။

အပိုဒ် (၂၃) ICCPR နှင့် အပိုဒ် (၁၀) ICESCR နှစ်ခုစလုံးသည် မိသားစုနှင့် လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာကိစ္စရပ်များကို ဖော်ပြထားသည်။ မိသားစုသည် လူ့အဖွဲ့အစည်း၏ သဘာဝနှင့် အခြေခံအကျဆုံးသော လူအုပ်စုအဖြစ် သတ်မှတ်ပြီး အတင်းအဓမ္မလက်ထပ်ထိမ်းမြားခြင်းကို တားမြစ်ထားသည်။ ICCPR သည် ခင်ပွန်းနှင့် ဇနီးဖြစ်သူတို့၏ တူညီသော တာဝန်နှင့် အခွင့်အရေးများကို ဖော်ပြထားပြီး ICESCR ကမူ ကလေးမမွေးဖွားခင်နှင့် မွေးဖွားပြီးနောက် မိခင်များအား ကာကွယ်စောင့်ရှောက်ခြင်းကို အထူးအလေးပေးထားသည်။

အပိုဒ် (၁၀.၃) ICESCR နှင့် အပိုဒ် (၂၄) ICCPR တို့သည် အမြတ်ထုတ်ခြင်း၊ ကလေးလုပ်သားအဖြစ် ခိုင်းစေခြင်း၊ ထိမ်းမြားလက်ထပ်စေခြင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ပြစ်ဒဏ်ပေးခြင်း စသော ခွဲခြားဆက်ဆံမှုများမှ ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရန် ဖော်ပြထားသည်။ ထို့အပြင် ICCPR သည် ကလေး သူငယ်များအနေနှင့် မွေးစာရင်းရရှိရေး၊ နာမည်ရရှိရေးနှင့် နိုင်ငံသားရရှိရေးတို့ကိုလည်း အခွင့်အရေး တစ်ရပ်အဖြစ် ဖော်ပြထားသည်။

အပိုဒ် (၂၇) ICCPR သည် မျိုးနွယ်၊ ကိုးကွယ်မှုနှင့် ဘာသာစကားဆိုင်ရာ လူနည်းစုများအနေနှင့် သက်ဆိုင်ရာ လူ့အုပ်စုများနှင့်အတူ မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုကို ကျင့်သုံးခွင့်၊ ဘာသာတရားကို ထုတ်ဖော်ခွင့်နှင့် ကျင့်သုံးခွင့်၊ သို့မဟုတ် ဘာသာစကားကို အသုံးပြုခွင့်တို့ကို ဖော်ပြထားသည်။ အပိုဒ် (၁၅) ICESCR တွင်မူ ယေဘုယျသဘောဖြင့် သိပ္ပံဆိုင်ရာ တိုးတက်မှုများမှ အကျိုးတရားများကို လူတိုင်း ခံစားခွင့်နှင့် ယဉ်ကျေးမှု ဆိုင်ရာများတွင် ပါဝင်ခွင့်ကို ဖော်ပြထားသည်။

အခန်း (၂) နှင့် အထက်တွင် ဖော်ပြခဲ့သော ဆက်စပ်နေသောပြဋ္ဌာန်းချက်များနှင့် အရေးကြီးသော အခွင့်အရေးများနှင့် ပတ်သက်ပြီး အထူးအာရုံစိုက်သင့်ပြီး သဘောတူညီချက်များ၏ အခြားသော ပြဋ္ဌာန်းချက်များသည် ကော်မတီနှစ်ရပ်စလုံးနှင့် ထိတွေ့ဆက်ဆံရန် အစမှတ်များ ဖြစ်ပါသည်။ ဥပမာအားဖြင့် အသက်ရှင်သန်ခွင့် (အပိုဒ် ၆ ICCPR) နှင့် လူမှုဖူလုံရေးရရှိခွင့်တို့ကို သင့်လျော်သော လူနေမှုအဆင့်အတန်း ရရှိခွင့်နှင့် ကျန်းမာရေးဆိုင်ရာ အခွင့်အရေး (အပိုဒ် ၉၊ ၁၁ နှင့် ၁၂ ICESCR) တို့နှင့် ချိတ်ဆက်ခြင်း၊ လူနည်းစုတွင် ပါဝင်သော လူပုဂ္ဂိုလ်တစ်ဦးချင်းအနေနှင့် ကိုယ်ပိုင်ဘာသာစကားနှင့် ပတ်သက်သော အခွင့်အရေး (အပိုဒ် ၂၇ ICCPR) ၊ ပညာသင်ကြားခွင့်နှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေး (အပိုဒ် ၁၃၊ ၁၄ နှင့် ၁၅ ICESCR) တို့ ဖြစ်ပါသည်။

## ၁။ HR Committee နှင့် CESCR တို့ ဖြေရှင်းဆောင်ရွက်သော ကိစ္စရပ်နမူနာများ

ICCPR နှင့် ICESCR တို့တွင် ဖော်ပြထားသော လူ့အခွင့်အရေးများသည် အပြန်အလှန်ချိတ်ဆက်နေသကဲ့သို့ သက်ဆိုင်သူများအနေနှင့် ချဉ်းကပ်ပုံနည်းလမ်း၊ ပတ်ဝန်းကျင်အခြေအနေနှင့် အဓိကလိုလားချက်များသည် သဘောတူညီချက်နှစ်ရပ်နှင့် ကော်မတီနှစ်ရပ်၏လုပ်ပိုင်ခွင့်များ မတူညီမှုအပေါ်မူတည်၍ ကွဲပြားနိုင်သော်လည်း ကော်မတီနှစ်ရပ်စလုံးသို့တင် ပြနိုင်သော ကိစ္စရပ်များစွာ ရှိပါသည်။ အောက်ပါတို့သည် ICCPR နှင့် ICESCR တို့တွင် အဖွဲ့ဝင်နိုင်ငံများ၏ ပြန်လည်သုံး သပ်ချက်များဖြင့် HR Committee နှင့် CESCR တို့က ဖြေရှင်း ဆောင်ရွက်သော ကိစ္စရပ်နမူနာများကို တွေ့ရှိနိုင်ပါသည်။ ယခုလက်စွဲ၏ ရည်ရွယ်ချက်နှင့် အဓိက လိုလားချက်များ အရ ယခုကိစ္စရပ်များကို HR Committee က အသုံးပြုသော အသုံး အနှုန်းများဖြင့် ဖော်ပြထားပါသည်။

### <u>ပုံမှန်အကြောင်းအရာများနှင့် ဆက်စပ်နေသော ကိစ္စရပ်များ</u>

ကော်မတီနှစ်ရပ်စလုံး (HR Committee သည် ICCPR သို့၊ CESCR သည် ICESCR သို့) သည် ပြည်တွင်း တရားစီရင်ရေးစနစ်တွင် သဘောတူညီချက်အား မည်ကဲ့သို့ ပေါင်းစပ်အသုံးပြုမည် ဟူသော ကိစ္စရပ် ကို ဆောင်ရွက်ကြလေ့ရှိပါသည်။ Monist တရားဥပဒေစနစ်ရှိသော နိုင်ငံများတွင် သက်ဆိုင်ရာ သဘော တူညီချက်များ၏ ပြဋ္ဌာန်းချက်များကို ပြည်တွင်းတရားရုံးများက မည်ကဲ့သို့ အသုံးပြုမည်နည်းနှင့် အသုံးပြု နိုင်ခြင်းရှိမရှိ ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ပြည်တွင်းတရားဥပဒေများအပေါ် သဘောတူညီချက်များ က လွှမ်းမိုးမှုရှိမရှိ မေးခွန်းများ မေးလေ့ရှိသည်။ Dualist နိုင်ငံများတွင်မူ ကော်မတီနှစ်ရပ်စလုံးသည် ပုံမှန်အားဖြင့် ပြည်တွင်းတရားစီရင်ရေးတွင် သက်ဆိုင်ရာ သဘောတူညီချက်များကို မည်ကဲ့သို့ ထိရောက်စွာ ပေါင်းစပ်နိုင်မည်ကို အဖြေရှာလေ့ ရှိပါသည်။ နိုင်ငံများအနေနှင့် သဘောတူညီချက်၏ ပြဋ္ဌာန်းများကို အပြည့်အဝနှင့် ထိရောက်စွာ အသုံးချနိုင်ရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်ရန် နှင့် တရားသူကြီးများ၊ ရှေ့နေများ၊ အစိုးရရှေ့နေများ၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ တာဝန်ရှိသူများနှင့် အခြားသော သက်ဆိုင်သူများအား လေ့ကျင့်သင်ကြားရန် အဆိုပြုချက်များ လက်ခံရရှိသည်။ အမျိုးသားလူ့အခွင့်အရေးအင်စတီကျူးရှင်း (National Human Rights Institution/NHRI) သည် ကော်မတီနှစ်ရပ်စလုံးအနေနှင့် အဖွဲ့ဝင်နိုင်ငံများနှင့် ပုံမှန် ဆွေးနွေးသော အကြောင်းအရာတစ်ခုဖြစ်ပြီး ပဲရစ်စည်းမျဉ်းများနှင့်အညီ NHRI ကို တည်ထောင်ရန် သို့မဟုတ် ပိုမိုခိုင်မာစေရန် တိုက်တွန်းသည်။ ထို့အပြင် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုအတွက် လိုအပ်သော ရင်းမြစ်များ ထောက်ပံ့ပေးရန်နှင့် CESCR အနေနှင့်မူ NHRI သည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများအတွက် ရှင်းလင်းသော ညွှန်ကြားချက်တစ်ရပ် ရှိသင့်သည်ဟု ဆိုပါသည်။

သဘောတူညီချက်တစ်ခုစီ၏ အပိုဒ် (၂) နှင့်အညီ ကော်မတီနှစ်ရပ်သည် ၎င်းတို့ စောင့်ကြည့်သော သဘော တူညီချက်တွင် ပါဝင်သည့် အခွင့်အရေးများအား ကာကွယ်ခြင်းနှင့် ရရှိခြင်းနှင့် ပတ်သက်၍ ခွဲခြားဆက်ဆံမှုဆိုင်ရာ အမျိုးမျိုးသော ပြဿနာများကို ကိုင်တွယ်ဖြေရှင်းပါသည်။ ကော်မတီနှစ်ရပ်စလုံးက ကိုင်တွယ်လေ့ရှိသော ပြဿနာတစ်ခုမှာ အဖွဲ့ဝင်နိုင်ငံများတွင် ကျယ်ပြန့်သော ခွဲခြားဆက်ဆံမှု တားမြစ်ခြင်းဆိုင်ရာ ဥပဒေတစ်ရပ် ဖြစ်ပေါ်ရေးနှင့် လက်တွေ့အသုံးချရေး ဖြစ်ပါသည်။ အမျိုးသမီးများအား ဥပဒေအရနှင့် လက်တွေ့တွင် ခွဲခြားဆက်ဆံခြင်းသည်လည်း သဘောတူညီချက်များ၏ အပိုဒ် (၂) နှင့် (၃) အပေါ် မူတည်၍ ကော်မတီ နှစ်ရပ်စလုံးက ဖြေရှင်းရန် ဆောင်ရွက်သော ကိစ္စတစ်ရပ် ဖြစ်ပါသည်။ ထို့အပြင် သက်ဆိုင်သော သဘောတူညီချက်များ၏ ခွဲခြားဆက်ဆံမှုမပြုရေး စည်းမျဉ်းနှင့် အခြားသော ကိုက်ညီသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ကော်မတီနှစ်ရပ်စလုံးသည် သက်ဆိုင်သည့် အဖွဲ့ဝင်နိုင်ငံများတွင် ရှိသော ကလေးသူငယ်များ၊ လူနည်းစုများ၊ ဌာနေတိုင်းရင်းသားများ၊ ရွှေ့ပြောင်းလာသူများ၊ ဒုက္ခသည်များ၊ ခိုလှုံခွင့်တောင်းခံသူများ၊ မသန်စွမ်းသူများ၊ HIV/AIDS ရောဂါရှင်များ၊ LGBTI များ၊ လိင်လုပ်သားများ၊ IDP များ၊ နိုင်ငံမဲ့များ စသော အားနည်းသော လူအုပ်စုများဖြစ်၏ အခွင့်အရေးများကို အထူးအာရုံစိုက်လျက်ရှိသည်။

## **အဂတိလိုက်စားမှု**

ကော်မတီနှစ်ရပ်သည် တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်မှုများအား အားနည်းစေသော ဘုံပြဿနာတစ်ရပ်အဖြစ် အဂတိလိုက်စားမှုပြဿနာကို ကိုင်တွယ်လေ့ရှိပြီး အဖွဲ့ဝင်နိုင်ငံများထံမှ လိုအပ်သော သတင်းအချက်အလက်များအား တောင်းယူလေ့ ရှိသည်။

အဖွဲ့ဝင်နိုင်ငံများအနေနှင့် အကျင့်ပျက်ချစားမှုကို တိုက်ဖျက်ရာတွင် အရေးယူမှုများမှ လွတ်ကင်းနေသော အခြေအနေများ၊ အဂတိလိုက်စားမှုကိစ္စရပ်များအား ရာဇဝတ်မှုအဖြစ် သတ်မှတ်ခြင်း၊ အထူးအဖွဲ့ဖွဲ့စည်း၍ ခိုင်မာသော မူဝါဒများချမှတ်ခြင်း၊ အမှုများကို လုံလောက်စွာ စုံစမ်းစစ်ဆေးခြင်း၊ အဆင့်မြင့်အရာရှိများအပါအဝင် တာဝန်ရှိသူများအား တရားစွဲဆိုခြင်းနှင့် အသိပေးတိုင်ကြားသူများအား ကာကွယ်ခြင်းအပါအဝင် လုပ်ငန်းများအား ဆောင်ရွက်ရန် အဆိုပြုသည်။

CESCR က ဆောင်ရွက်သော ကိစ္စရပ်များမှာ အစိုးရအုပ်ချုပ်ရေးလုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှုရှိရေး၊ အဂတိလိုက်စားမှုများ၏ သားကောင်များ၊ ရှေ့နေများ၊ တက်ကြွလှုပ်ရှားသူများနှင့် မျက်မြင်သက်သေများအား အကာအကွယ်ပေးရေး၊ ပြည်သူလူထုနှင့် အစိုးရအရာရှိများအကြား အသိအမြင်တိုးပွားရေး ဆောင်ရွက်ရေး၊ အစိုးရလုပ်ငန်းများ၏ တာဝန်ခံမှုဆိုင်ရာ ကိစ္စများ ပါဝင်ပါသည်။ နိုင်ငံတကာဓာတ်သတ္တုတူးဖော်ရေးကုမ္ပဏီများနှင့် စာချုပ်များအပါအဝင် သဘာဝသယံဇာတစီမံခန့်ခွဲရေးကဏ္ဍတွင် ပွင့်လင်းမြင်သာမှုရှိရေးသည်လည်း CESCR ၏ အဓိကအကြောင်းအရာတစ်ခုဖြစ်ပြီး HR Committee အနေနှင့်လည်း အခြားသော ကိစ္စရပ်များတွင် အဆိုပါ အကြောင်းအရာကို ထုတ်ဖော်ပြောဆိုလေ့ရှိသည်။ HR Committee သည် လွတ်လပ်သော တရားစီရင်ရေးတွင် ဖြစ်ပေါ်သော အဂတိလိုက်စားမှု (အပိုဒ် ၁၄ ICCPR) ကို အထူးအားဖြင့် အာရုံစိုက်သည်။

## **လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သူများ (Human Rights Defenders/HRDs)**

HRDs ၏ အခြေအနေသည် HR Committee အနေနှင့် ပုံမှန် ဆွေးနွေးသော ကိစ္စရပ်တစ်ခု ဖြစ်ပြီး ၎င်းတို့၏ လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် လုပ်ဆောင်မှုများသည် ၎င်းတို့အား လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ ပြစ်မှတ်များ ဖြစ်လာစေသောကြောင့် ဖြစ်ပါသည်။ ပါဝင်သော အကြောင်းအရာများမှာ HRDs များနှင့် အရပ်ဘက်အဖွဲ့အစည်းများအား ဖိနှိပ်ခြင်း ၊ HRDs များ၏ အခြေခံလွတ်လပ်ခွင့်များအား ကန့်သတ်ခြင်း၊ ဥပမာ လွတ်လပ်စွာ ပြောဆိုခွင့်၊ အဖွဲ့အစည်းဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်၊ နှိပ်စက်ညှင်းပန်းခြင်းနှင့် မလျော်ကန်သော ပြောဆိုဆက်ဆံမှုများ၊ မတရားချုပ်နှောင်ခြင်းနှင့် ဖမ်းဆီးခြင်းများ၊ ထွက်ပြေးစေခြင်းနှင့် သတ်ဖြတ်ခြင်းများအပါအဝင် ခြိမ်းခြောက်ပြောဆိုခြင်းနှင့် ပြစ်တင်ခြင်းများ၊ HRDs များအား အကြမ်းဖက် ဆန့်ကျင်ရေး လုပ်ငန်းများ၊ ရာဇဝတ်သားဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် မတရားသဖြင့် ဆက်စပ်ကိုင်တွယ်ခြင်း၊ ခရီးသွား လာမှု ပိတ်ပင်ခြင်း၊ အကာအကွယ်ပေးသောအားဖြင့် ချုပ်နှောင်ခြင်းနှင့် အတင်းအဓမ္မဆေးရုံတက် စေခြင်း ကဲ့သို့သော လွတ်လပ်စွာ သွားလာခွင့်အား တားမြစ်မှုများ ဖြစ်ပါသည်။

CESCR အနေနှင့်လည်း HRDs များ၏ အခြေအနေနှင့် ကာကွယ်စောင့်ရှောက်မှုကို ဆောင်ရွက်သည်။ အထူးသဖြင့် စီးပွားရေး၊ လူမှုနှင့် ယဉ်ကျေးမှုအခွင့်အရေးများအား ကာကွယ်စောင့်ရှောက်နေသော HRDs များ၊ အကန့်အသတ်ရှိသော အနေအထားများဖြင့် လုပ်ငန်းဆောင်ရွက်နေသော HRDs များ၊ အမျိုးမျိုးသော ခြိမ်းခြောက်မှုများ၊ အကြမ်းဖက်မှုများ/ပြစ်တင်မှုများ ကြုံတွေ့နေရသော HRDs များ၊ အထူးအားဖြင့် LEGTI များ၊ လူနည်းစုများနှင့် ဌာနေတိုင်းရင်းသားများ၏ HRDs များ၊ သဘာဝပတ်ဝန်းကျင်နှင့် ဓာတ်သတ္တုတူးဖော်ရေးကဏ္ဍမှ HRDs များနှင့် ပတ်သက်၍ ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ အချို့သော ကိစ္စများတွင် CESCR သည် လုပ်ငန်းဆောင်ရွက်မှုများနှင့်

ပတ်သက်၍ ကျယ်ပြန့်စွာ ပိတ်ပင်တားဆီးမှုများကို ကြုံတွေ့နေရသော HRDs များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအတွက် စိုးရိမ်ပူပန်မှုများအား ဖော်ထုတ်ပါသည်။

**ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများ**

ကော်မတီနစ်ရပ်သည် ခွဲခြားဆက်ဆံမှုကို တားမြစ်သော သဘောတူညီချက်နစ်ခု၏ အပိုဒ် (၂) နှင့်အညီ ဌာနေတိုင်းရင်းသားများအား ခွဲခြားဆက်ဆံခြင်းကိစ္စရပ်များအား ကိုင်တွယ်ဆောင်ရွက်သည်။ ထို့အပြင် ဌာနေတိုင်းရင်းသား မျိုးနွယ်စုများတွင် ပါဝင်သော လူသားတစ်ဦးချင်း၏ အခွင့်အရေးများကို သဘောတူညီချက်နစ်ခုက အမျိုးမျိုးသော ပြဌာန်းချက်များဖြင့် ကာကွယ်ထားပြီး ကော်မတီနစ်ရပ်စလုံးက ကိုင်တွယ်ဖြေရှင်းပါသည်။ HR Committee က ကိုင်တွယ်ဖြေရှင်းသော ကိစ္စရပ်များတွင် ကိုယ်ပိုင်မှတ်ပုံတင်လက်မှတ်များ ရရှိရေး၊ ကလေးသူငယ်များ၏ အခွင့်အရေးအား ကာကွယ်စောင့်ရှောက်ရေး၊ လူမှုဘဝနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် ကိစ္စရပ်များတွင် ဌာနေတိုင်းရင်းသားများအား ကိုယ်စားပြုပါဝင်စေရေး၊ ဌာနေတိုင်းရင်းသားများ၏ အရေးပါမှုနှင့် တည်ရှိမှုအား အသိအမှတ်ပြုရေး၊ Free/Prior/Informed Consent နှင့် သင့်လျော်သော လျော်ကြေး အလေ့အကျင့်များအပါအဝင် ဌာနေတိုင်းရင်းသားများ၏ မြေယာအခွင့်အရေးများ စသဖြင့် ပါဝင်ပါသည်။

CESCR သည် ICESCR ၏ မတူညီသော အပိုဒ်များနှင့် ဆက်စပ်နေသည့် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ကိုင်တွယ်ဆောင်ရွက်နေသည်။ ၎င်းတို့မှာ ဌာနေတိုင်းရင်းသား HRDs များအား တိုက်ခိုက်ခြင်း ၊ မသန်စွမ်းခြင်းအပါအဝင် ဌာနေတိုင်းရင်းသားအမျိုးသမီးများအား အမျိုးမျိုးသော ခွဲခြားဆက်ဆံခြင်းများ၊ မွေးစာရင်းနှင့် မှတ်ပုံတင်ရရှိရေးဆိုင်ရာ အခက်အခဲများ၊ အလုပ်အကိုင်မရရှိခြင်း (အပိုဒ် ၆ ICESCR)၊ ဌာနေတိုင်းရင်းသားအမျိုးသမီးများအား (အိမ်တွင်း) အကြမ်းဖက်မှု (အပိုဒ် ၁၀ ICESCR)၊ မြေယာနှင့် ရင်းမြစ်များ ရရှိမှု၊ ရွှေ့ပြောင်းခြင်း၊ ဆင်းရဲမွဲတေမှု၊ အိမ်ယာအဆောက်အအုံနှင့် မြေယာသိမ်းဆည်းခြင်း (အပိုဒ် ၁၁ ICESCR)၊ ပညာသင်ကြားမှု (အပိုဒ် ၁၃-၁၄ ICESCR) ၊ ဌာနေတိုင်းရင်းသားဘာသာစကားကို ကာကွယ်ထိန်းသိမ်းခြင်းအပါအဝင် ယဉ်ကျေးမှုအခွင့်အရေးများ (အပိုဒ် ၁၅ ICESCR) နှင့် ရာသီဥတု ပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှုများ ဖြစ်ပါသည်။

တစ်ချိန်တည်းမှာပင် CESCR သည် အပိုဒ် ၁ ICESCR အပေါ် အခြေခံ၍ ဌာနေတိုင်းရင်းသားများ၏ စုပေါင်းအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်လေ့ ရှိပြီး သဘောတူညီချက်နစ်ခုစလုံး၏ အပိုဒ် ၁ သည် ထပ်တူညီပါသည်။ HR Committee သည်လည်း ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးနှင့် ပတ်သက်၍ အပိုဒ် ၁ ICCPR ကို အသုံးပြုလေ့ မရှိပါ။ CESCR က အပိုဒ် ၁ ICESCR နှင့် ဆက်စပ်၍ ကိုင်တွယ်သော ကိစ္စရပ်များမှာ ဌာနေတိုင်းရင်းသားများ၏ တည်ရှိမှုနှင့် အခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တရားဥပဒေဆိုင်ရာ အသိအမှတ်ပြုခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း၊ ဌာနေတိုင်းရင်းသားများ၏ ကိုယ်ပိုင်မြေယာ၊ နယ်မြေနှင့် သယံဇာတများကို ပိုင်ဆိုင်ခွင့်၊ အသုံးချခွင့်၊ ဖွံ့ဖြိုးခွင့်နှင့် ထိန်းချုပ်ခွင့်၊ ၎င်းတို့၏ နယ်မြေနှင့် မြေယာပေါ်တွင် ဆောင်ရွက်မည့် သယံဇာတထုတ်ယူမှုစီမံကိန်းများ၊ ဘိုးဘွားပိုင်မြေယာများ သိမ်းဆည်းခြင်းအပါအဝင် သယံဇာတ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်တွင် FPIC ရရှိခွင့်နှင့် ဆွေးနွေးခွင့်၊ ပြန်လည်ကုစားခြင်းနှင့် လျော်ကြေးများ ရရှိခွင့်၊ ဌာနေတိုင်းရင်းသားမဟုတ်သူများက ရယူထားသော ၎င်းတို့၏ မြေယာများအား ပြန်လည်ပေးအပ်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ မျိုးသုဉ်း ပျောက်ကွယ်လု အန္တရာယ်ကို ကြုံတွေ့နေရသော ဌာနေတိုင်းရင်းသားများအား ကာကွယ်စောင့်ရှောက်ခြင်းများ ဖြစ်ပါသည်။

## အမျိုးသမီးများအား အကြမ်းဖက်ခြင်း

HR Committee သည် အိမ်တွင်းအကြမ်းဖက်မှု၊ အိမ်ထောင်ဖက်၏ အဓမ္မပြုကျင့်မှု၊ စောစီးစွာ လက်ထပ်ခြင်းနှင့် အတင်းအဓမ္မလက်ထပ်စေခြင်း၊ အမျိုးသမီးလိင်အင်္ဂါကို ဖျက်ဆီးခြင်း၊ အမျိုးသမီးနှင့် မိန်းကလေးငယ်များအား အန္တရာယ်ဖြစ်စေသော အပြုအမူများ၊ မိန်းကလေးသန္ဓေသားအား ဖျက်ချခြင်း၊ အဓမ္မသားကြောဖြတ်ခြင်း၊ အဓမ္မကိုယ်ဝန်ဖျက်ချခြင်း၊ ဂုဏ်သိက္ခာအတွက်နှင့် ခမ်းဝင်ပစ္စည်းကိစ္စများအတွက် သတ်ဖြတ်ခြင်းများအပါအဝင် အပိုဒ် ၃ နှင့် ၇ ICCPR တွင် ဖော်ပြထားသော အမျိုးသမီးများအား အကြမ်းဖက်မှုများကို ကိုင်တွယ်ဆောင်ရွက်သည်။ ထို့အပြင် အမျိုးသမီးများအား အကြမ်းဖက်မှုမျိုးစုံတို့အား ကာကွယ်ရေး ပြည်တွင်းဥပဒေဆိုင်ရာများနှင့် ပတ်သက်၍လည်း ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် ဓမ္မသတ်ကြီးတွင် ဖော်ပြထားသော အဓမ္မမှုနှင့် အိမ်ထောင်ဖက်၏ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ လိင်အပေါ်မူတည်သည့် အကြမ်းဖက်မှုများနှင့် ပတ်သက်သော အနက်ဖွင့်ဆိုမှုများနှင့် ပတ်သက်၍လည်းကောင်း၊ အကြမ်းဖက်ခံရသူအပေါ် ခွဲခြားဆက်ဆံမှုများ ကြောင့် အကြမ်းဖက်မှုကို ရဲထံသို့ အကြောင်းကြားချင်းနည်းပါးမှုများ၊ လက်စားချေခြင်းခံရမည်ကို စိုးရိမ်မှုများနှင့် တရားဥပဒေစိုးမိုးရေး တာဝန်ရှိသူများ အပေါ် ယုံကြည်မှုနည်းပါးခြင်းများနှင့် ပတ်သက်၍ လည်း ဆောင်ရွက် လျက်ရှိသည်။

CESCR သည် အပိုဒ် ၃ နှင့် ၁၀ ICESCR တို့အရ အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းနှင့် ကျားမဖြစ်ခြင်းအပေါ် မူတည်၍ အကြမ်းဖက်ခြင်း ပြဿနာများကို ကိုင်တွယ်ဆောင်ရွက်နေသည်။ ထိုပြဿနာများတွင် အိမ်တွင်း အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ စော်ကားမှု၊ အုပ်စုဖွဲ့အဓမ္မကျင့်ခြင်းနှင့် အိမ်ထောင်ဖက်၏ အဓမ္မပြုကျင့်မှု၊ မိန်းကလေးသန္ဓေသားအား ဖျက်ချခြင်း၊ ဂုဏ်သိက္ခာအတွက် သတ်ဖြတ်ခြင်းနှင့် အက်ဆစ်အသုံးပြု၍ တိုက်ခိုက်ခြင်း၊ ကိုယ်လက်အင်္ဂါမသန်စွမ်းသော အမျိုးသမီးများအား အကြမ်းဖက်ခြင်းနှင့် စုန်းကဝေအတတ် တတ်မြောက်သည်ဟု စွပ်စွဲခံရသူအမျိုးသမီးများအား အကြမ်းဖက်ခြင်းတို့ ပါဝင်ပါသည်။ အိမ်ထောင်ဖက်၏ အဓမ္မပြုကျင့်မှုကို ရာဇဝတ်မှုမြောက်သည်ဟု သတ်မှတ်ထားခြင်းမရှိမှု၊ အဓမ္မကျင့်ခံရသူနှင့် လက်ထပ်ခြင်းဖြင့် အဓမ္မပြုကျင့်သူအား ပြစ်ဒဏ်မှ ကင်းလွတ်စေခြင်း၊ အကြမ်းဖက်ခံရသူအား အရှက်ရစေခြင်းနှင့် လူ့အသိုင်းအဝန်းမှ ခွဲခြားဆက်ဆံခြင်း၊ အကြမ်းဖက်မှုများအား တိုင်ကြားမှုနည်းပါးခြင်း၊ အကြမ်းဖက်ခံရသူများအား လုံခြုံသော နေအိမ်၊ ဥပဒေဆိုင်ရာ အထောက်အပံ့နှင့် ဆေးကုသမှု စသော ကူညီမှုများ ရရှိစေရေး၊ အကြမ်းဖက်ခံရသူများအား ဥပဒေဆိုင်ရာ ကူညီသူများအတွက် လုံလောက်သော ရံပုံငွေရရှိရေး၊ သက်ဆိုင်သော တရားဥပဒေများနှင့် ပတ်သက်ပြီး တရားဥပဒေစိုးမိုးမှုမရှိခြင်း သို့မဟုတ် နည်းပါးခြင်း၊ အကြမ်းဖက်မှုများအား ကိုင်တွယ်ရသော သူများအတွက် စွမ်းဆောင်ရည်နှင့် ရင်းမြစ်များ နည်းပါးခြင်း၊ ကျူးလွန်သူများအား ထိရောက်သော စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းများ မရှိသည့်အတွက် လွတ်မြောက်မှုများ ဖြစ်ပေါ်ခြင်း၊ အိမ်တွင်းအကြမ်းဖက်သူများအား ချမှတ်သောပြစ်ဒဏ်များ နည်းပါးခြင်း သို့မဟုတ် တရားဥပဒေပြဋ္ဌာန်းချက်များ မလုံလောက်ခြင်း၊ အကြမ်းဖက်ခံရသူ၏ အခွင့်အရေးများကို ပြစ်ပယ်၍ အစဉ်အလာနည်းလမ်းများဖြင့် အကြမ်းဖက်မှုများအား ဖြေရှင်းခြင်း စသော ကိစ္စရပ်များကို ကိုင်တွယ်ဆောင်ရွက်သည်။ ထို့အပြင် CESCR သည် မယား အများအပြားယူခြင်း၊ စောစီးစွာလက်ထပ်ခြင်း၊ အတင်းအဓမ္မလက်ထပ်ထိမ်းမြားခြင်း၊ သတို့သမီးကို ခိုးယူ ပေါင်းသင်းခြင်း၊ အပျိုစစ်မစစ်စစ်ဆေးခြင်း၊ လိင်ဆက်ဆံမှုကို အစပြုမိတ်ဆက်ခြင်းနှင့် အမျိုးသမီးလိင်အင်္ဂါကို တစ်စိတ်တစ်ပိုင်းဖျက်ဆီးခြင်း စသော အမျိုးသမီးနှင့် မိန်းကလေးငယ်များအပေါ် ထိခိုက်နစ်နာစေသော အပြုအမူများနှင့် ပတ်သက်၍လည်း ဖြေရှင်းဆောင်ရွက်လျက်ရှိသည်။

## လူကုန်ကူးခြင်း

HR Committee သည် အပိုဒ် ၈ ICCPR အရ လုပ်အားနှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန်အတွက် လူကုန်ကူးမှုများကို တိုက်ဖျက်လျက်ရှိသည်။ ၎င်းသည် ကျွန်ပြုခြင်း၊ ကျွန်ရောင်းဝယ်ခြင်း၊ ကျွန်အဖြစ် ခိုင်းစေခြင်းနှင့်

အတင်းအဓမ္မခိုင်းစေခြင်းတို့ကို ICCPR ၏ အပိုဒ် ၃ (အမျိုးသမီးများအား လူကုန်ကူးခြင်း)၊ အပိုဒ် ၇ (လူမဆန်၍ လူ့ဂုဏ်သိက္ခာကို ကျဆင်းစေသော ပြုမူမှုများ)၊ အပိုဒ် ၁၂ (လွတ်လပ်စွာ သွားလာခွင့်) နှင့် အပိုဒ် ၂၄ (ကလေးသူငယ်များအား လူကုန်ကူးခြင်း) တို့နှင့် ချိတ်ဆက်၍ တားမြစ်ထားသည်။ အမျိုးသမီးများ၊ လူနည်းစုများ၊ ဌာနေတိုင်းရင်းသားများ၊ ရွှေ့ပြောင်းသူများ၊ အိမ်တွင်းအလုပ်သမားများ၊ ဒုက္ခသည်များနှင့် ခိုလှုံခွင့်တောင်းခံသူများ၊ ကလေးလုပ်သားနှင့် သူတောင်းစားအဖြစ် ခိုင်းစေခံရခြင်းများအပါအဝင် အားနည်းသော လူများ၏ အခြေအနေများနှင့် ပတ်သက်၍လည်း စိုးရိမ်ပူပန်မှုများကို ထုတ်ဖော်ထားသည်။

CESCR သည် အပိုဒ် ၁၀ ICESCR အပေါ် အခြေခံ၍ အဖွဲ့ဝင်နိုင်ငံများ၏ လူကုန်ကူးမှုကို တိုက်ဖျက်ရန် ဆုံးဖြတ်ချက်ပြတ်သားမှုမရှိသည့်ကိစ္စရပ်များ၊ သင့်လျော်သည့် တရားဥပဒေများ ချမှတ်ခြင်း၊ သင့်လျော်သည့် စုံစမ်းစစ်ဆေးမှုများနှင့် ကျူးလွန်သူများကို အရေးယူခြင်း၊ ပြစ်မှုနှင့် ပြစ်ဒဏ် လိုက်လျောညီထွေမှုရှိရန် ဆောင်ရွက်ခြင်း၊ လူကုန်ကူးခံရသူများအတွက် လုံလောက်သော ကာကွယ်မှုနှင့် ပံ့ပိုးကူညီမှုများရရှိရေး စသဖြင့် ဆောင်ရွက်လျက်ရှိသည်။ တစ်ချိန်တည်းမှာပင် CESCR သည် လူကုန်ကူးမှုကာကွယ်တိုက်ဖျက်ရေးကို အလုပ်သမား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးရှုထောင့်မှလည်း ကိုင်တွယ်လျက်ရှိသည်။ အတင်းအဓမ္မခိုင်းစေခြင်းနှင့် အကြွေးဖြင့် သိမ်းယူခိုင်းစေခြင်း၊ အလုပ်ခွင်အခြေအနေများ၊ တရားမဝင်သော လုပ်ငန်းကဏ္ဍများအပါအဝင် စိုက်ပျိုးရေးနှင့် လိင်လုပ်သားများ၊ အိမ်ကူများ၊ ရွှေ့ပြောင်းလုပ်သားများ၊ ဌာနေတိုင်းရင်းသားလုပ်သားများ၊ လူနည်းစု လုပ်သားများ၊ ကလေးသူငယ်များနှင့် အမျိုးသမီးများ စသော အားနည်းသော လူစုများအပေါ် အမြတ် ထုတ်ခြင်းမှ ကာကွယ်ရန် ဆောင်ရွက်ပါသည်။

**<u>ကိုယ်ဝန်ဖျက်ချခြင်း</u>**

HR Committee သည် အသက်ရှင်ခွင့်ကို ကာကွယ်စောင့်ရှောက်သည့် ICCPR ၏ အပိုဒ် (၆) နှင့် ဆက်လျဉ်း၍ ကိုယ်ဝန်ဖျက်ချခြင်းကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်သည်။ ၎င်းသည် အဖွဲ့ဝင်နိုင်ငံများအနေနှင့် ကိုယ်ဝန် ဖျက်ချခြင်းအတွက် ဘေးကင်းသော၊ တရားဥပဒေနှင့် ညီညွတ်သော၊ ထိရောက်သော နည်းလမ်းများ ရရှိစေရန် ဆောင်ရွက်သင့်ကြောင်း အကြံပြုထားသည်။ အမျိုးသမီးနှင့် မိန်းကလေးငယ်တို့၏ အခွင့်အရေးကို ထိခိုက်နစ်နာစေခြင်း၊ အသက်အန္တရာယ်ဖြစ်စေခြင်း၊ ရုပ်ပိုင်းဆိုင်ရာ နှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်စေခြင်း၊ ခွဲခြားဆက်ဆံမှုများနှင့် ပုဂ္ဂိုလ်ရေးကို ထိခိုက်စေခြင်းမရှိသောအခါတွင်သာ ကိုယ်ဝန်ဖျက်ချမှုဆိုင်ရာ ကန့်သတ်ခြင်း များကို ခွင့်ပြုနိုင်သည်။

CESCR သည် ကိုယ်ဝန်ဖျက်ချခြင်းကိစ္စရပ်အား ICESCR ၏ အပိုဒ် ၁၂ အရ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးဆိုင်ရာ အမြင့်ဆုံးစံနှုန်းရရှိခွင့်အတွက် အမျိုးသမီးများ၏ လိင်မှုဆိုင်ရာနှင့် မျိုးပွားမှုဆိုင်ရာ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် ချဉ်းကပ်သည်။ CESCR သည် ကိုယ်ဝန်ဖျက်ချခြင်းအား ရာဇဝတ်မှုအဖြစ် သတ်မှတ်ခြင်း၊ ကိုယ်ဝန်ဖျက်ချမှုအား အလွန်အမင်း ကန့်သတ်တားမြစ်ခြင်း၊ ဆေးပညာရှင်များ၏ ဆေးပညာအရ တားမြစ်ခြင်းများနှင့် အခြားသော အကြောင်းအရာများက အမျိုးသမီးများအား အန္တရာယ်များသော၊ မလုံခြုံသော ၊ တိတ်တဆိတ်ဖြစ်သော ကိုယ်ဝန်ဖျက်ချမှုများ ပြုလုပ်စေခြင်း၊ အမျိုးသမီးများအနေနှင့် မျိုးပွားမှုဆိုင်ရာနှင့် လိင်မှုဆိုင်ရာ ဝန်ဆောင်မှုများနှင့် သတင်းအချက်အလက်များ ကောင်းစွာ ရရှိမှုမရှိခြင်း၊ အထူးအားဖြင့် ဆင်းရဲနွမ်းပါးသော သို့မဟုတ် ဖယ်ကြဉ်ခံရသော လူအုပ်စုများတွင် ပါဝင်သော အမျိုးသမီးများ၊ အသက်အရွယ်နှင့်အညီ လိင်မှုပညာရေး မရှိခြင်း၊ ခေတ်မီသားဆက်ခြားနည်းစနစ်များအား လက်လှမ်းမီမှုမရှိခြင်း၊ အမျိုးသမီးများအား အဓမ္မသားကြောဖြတ်ခြင်း သို့မဟုတ် ကိုယ်ဝန်ဖျက်ချခြင်း၊ လုံခြုံစိတ်ချရသော၊ တရားဥပဒေနှင့် ညီညွတ်သော ကိုယ်ဝန်ဖျက်ချခြင်း မပြုလုပ်နိုင်သည့်အတွက် မိခင်နှင့် ကလေးသေဆုံးမှုနှုန်းများ မြင့်မားခြင်း စသော ကိစ္စရပ်များကို ကိုင်တွယ်ဆောင်ရွက်နေသည်။

တစ်ချိန်တည်းမှာပင် အခြားသော သန္ဓေတားဆီးခြင်းဆိုင်ရာ နည်းလမ်းများ မရရှိနိုင်သဖြင့် ကိုယ်ဝန်ဖျက်ချခြင်းကို သန္ဓေ တားဆီးခြင်းနည်းလမ်းတစ်ခုသဖွယ် ကျယ်ပြန့်စွာ အသုံးများလာမှုနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများလည်း ဖြစ်ပေါ်နေသည်။ အဖွဲ့ဝင်နိုင်ငံများအနေနှင့် ကိုယ်ဝန်ဖျက်ချခြင်းကို ရာဇဝတ်မှုသဖွယ် မသတ်မှတ်ဘဲ လုံခြုံစိတ်ချရစွာ ကိုယ်ဝန်ဖျက်ချနိုင်ရေး ဆောင်ရွက်ရန်၊ လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှု များနှင့် သတင်းအချက်အလက်များကို အမျိုးသမီး များနှင့် ကျေးလက်ဒေသများရှိ အရွယ်ရောက် စလူများအားလုံး ရရှိနိုင်ရေး ဆောင်ရွက်ရန်၊ ဆေးပညာရှင်များ၏ ဆန့်ကျင်မှု များသည် အမျိုးသမီးများ၏ လုံခြုံသော၊ တရား ဥပဒေနှင့် ညီညွတ်သော ကိုယ်ဝန်ဖျက်ချခြင်းအား လက်လှမ်းမီစေရေးတွင် အတားအဆီးမဖြစ်ရန်၊ အမျိုးသမီး များအနေဖြင့် ကလေးဦးရေနှင့် ကလေးတစ်ဦးနှင့် တစ်ဦးအကြား ကွာခြားကာလကို ဆုံး ဖြတ်နိုင်ခွင့် ရရှိစေရေး တို့ကို ဆောင်ရွက်ရန် အကြံပြုထားသည်။

**<u>အတင်းအဓမ္မစေခိုင်း၍ ပျောက်ကွယ်စေခြင်း</u>**

HR Committee သည် ICCPR ၏ အပိုဒ် ၆ အရ အတင်းအဓမ္မစေခိုင်း၍ ပျောက်ကွယ်စေခြင်းပြဿနာကို ဆောင်ရွက်သည်။ နိုင်ငံတော်အနေနှင့် အတင်းအဓမ္မစေခိုင်း၍ ပျောက်ကွယ်စေခြင်းကို ပြည်တွင်း တရားဥပဒေအရ ရာဇဝတ်မှုအဖြစ် သတ်မှတ်ရန်၊ ပျောက်ကွယ်သွားစေရန် ပြုလုပ်ခံရသည်ဟု စွပ်စွဲခံရသော ကိစ္စများအပါအဝင် ထိုကဲ့သို့သော ကိစ္စရပ်များအားလုံးကို စေ့စပ်သေချာစွာ၊ လွတ်လပ်စွာနှင့် ယုံကြည်စိတ်ချရစွာ စုံစမ်းစစ်ဆေးရန်၊ တာဝန်ရှိသူများအား အရေးယူ၍ အပြစ်ဒဏ်ပေးရန်နှင့် မိသားစုများအပါအဝင် စေခိုင်းခံရသူများအား အပြည့်အဝ လျော်ကြေးပေးအပ်ရန် တာဝန်ရှိပါသည်။ CESCR သည် အထူးသဖြင့် မြေယာအခွင့်အရေးများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားသူများဖြစ်သော HRDs များ ပျောက်ကွယ်ခြင်းကိစ္စရပ်များကိုလည်း ကိုင်တွယ်သည်။ ထိုသူတို့၏ မိသားစုများအနေနှင့်လည်း စီးပွားရေးဆိုင်ရာ၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကို အပြည့်အဝခံစား နိုင်ရန်အတွက် ကာကွယ်စောင့်ရှောက်ခြင်းနှင့် ထောက်ပံ့ခြင်းလုပ်ငန်းများ ကိုလည်း ဆောင်ရွက်နေသည်။

**<u>တရားရေးအုပ်ချုပ်ရေးနှင့် တရားမျှတသော တရားစီရင်ရေးအပါအဝင် တရားရေးကဏ္ဍ၏ လွတ်လပ်ပြီး အမှီအခို ကင်းမှု</u>**

တရားရေးကဏ္ဍတွင် အဂတိလိုက်စားမှုများနှင့် တရားရေးအဖွဲ့ဝင်များ၏ သက်တမ်း၊ ခန့်အပ်ခြင်း၊ တာဝန်ပြီးဆုံးခြင်းနှင့် စည်းကမ်းထိန်းသိမ်းရေးအပါအဝင် တရားရေးကဏ္ဍ၏ လွတ်လပ်ပြီး အမှီအခိုကင်းမှုသည် HR Committee အနေနှင့် ICCPR ၏ အပိုဒ် ၁၄ အရ ပုံမှန်နှင့် ကျယ်ပြန့်စွာ ဆောင်ရွက်သော ကိစ္စရပ်တစ်ခုဖြစ်သည်။ တရားရုံးများနှင့် ခုံရုံးများရှေ့မှောက်တွင် တန်းတူညီမျှဖြစ်ရေး၊ မျှတသော တရားစီရင်ရေးရရှိရေးနှင့် အချို့သော ကိစ္စရပ်များတွင် ICCPR ၏ အပိုဒ် ၂ အရ ထိရောက်သော ပြန်လည်ကုစားမှုရရှိရေးတို့ကို ဆောင်ရွက်သည်။ ICESCR သည် တရားစီရင်ရေး၏ လွတ်လပ်မှုနှင့် အမှီအခိုကင်းမှုကို တိုက်ရိုက်ညွှန်းဆိုသော သို့မဟုတ် တိကျစွာ ဖော်ပြထားသော အပိုဒ်မရှိသော်လည်း CESCR သည် ICESCR တွင် ပါဝင်သော အခွင့်အရေးများ ရရှိနိုင်စေရန်အတွက် အဓိကကျသော ခြေလှမ်းတစ်ရပ်အဖြစ် ICESCR ၏ အပိုဒ်၂ တွင် ၎င်းကိစ္စရပ်ကို ကိုင်တွယ် ဆောင်ရွက်လျက်ရှိသည်။ CESCR သည် အကြမ်းဖျင်းအားဖြင့် တရားစီရင်ရေးကဏ္ဍ၏ ကျွမ်းကျင်မှု သို့မဟုတ် မျှတမှု သို့မဟုတ် အမှီအခိုကင်းမှု မရှိသော အခြေအနေများ၊ သင့်လျော်သော လုပ်ထုံးလုပ်နည်းများမရှိခြင်း၊ သက်တမ်းနှင့် ပတ်သက်၍ အာမခံမရှိခြင်းအပါအဝင် တရားသူကြီးများနှင့် တရားသူကြီးချုပ်များအား ခန့်အပ်ရာတွင် ပွင့်လင်းမြင်သာမှုမရှိခြင်း၊ တရားသူကြီးအရေအတွက် မလုံလောက်ခြင်း၊ ရင်းမြစ်များ မလုံလောက်ခြင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် လုံခြုံဘေးကင်းမှုကို အာမခံရန် လိုအပ်နေခြင်းနှင့် တရားစီရင်ရေးတွင် အဂတိလိုက်စားမှုများ ရှိနေခြင်းတို့အပါအဝင် ကဏ္ဍတစ်ရပ်လုံး၏ အားနည်းချက်များကို ဆောင်ရွက်နေသည်။

## ချုပ်နှောင်ထိန်းသိမ်းသည့် အခြေအနေများ

အပိုဒ် ၁၀ ICCPR သည် လူတစ်ယောက်အား ချုပ်နှောင်ဖမ်းဆီးထိန်းသိမ်းရာတွင် အနည်းဆုံး စံသတ်မှတ်ချက်ကို ဖော်ပြထားသည်။ နိုင်ငံသားမဟုတ်သူများအပါအဝင် လူများအား အကျဉ်းထောင်၊ ဆေးရုံ၊ စိတ်ကျန်းမာရေး ဆေးရုံများ၊ ရွှေ့ပြောင်းသူများအား ထိန်းသိမ်းရာစင်တာများနှင့် ပြန်လည်ပြုပြင်ထိန်းသိမ်းရေးအဖွဲ့အစည်းများတွင် ထိန်းသိမ်းချုပ်နှောင်ခြင်းအားလုံးကို ဆိုလိုသည်။ HR Committee အနေနှင့် ယခုအနေအထားတွင် ချုပ်နှောင်ထားသည့် နေရာများ၏ အခြေအနေများဖြစ်သော ပြည့်လျှံနေခြင်း၊ အခြေခံအဆောက်အဦများ၊ မိလ္လာစနစ်များ၊ အာဟာရနှင့် အကြမ်းဖက်မှုများ၊ ထိုနေရာများ၏ အုပ်ချုပ်ရေးလုပ်ထုံးလုပ်နည်းများ၊ လူငယ်များအား ထားရှိထိန်းသိမ်းရာနေရာများ၊ နေထိုင်သူများအား ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် မလျော်ကန်သော ပြုမူမှုများ၊ မကျေနပ်မှုများအား တိုင်ကြားသည့်စနစ် စသော ကိစ္စရပ်များအား ကိုင်တွယ်ဆောင်ရွက်သည်။

CESCR သည် ICESCR ၏ အပိုဒ် ၁၀၊ ၁၁ နှင့် ၁၂ အရ လူဝင်မှုကြီးကြပ်ရေးထိန်းသိမ်းရေးစင်တာများအပါအဝင် ထိန်းသိမ်းရေးစင်တာများ၏ အခြေအနေများနှင့် စပ်လျဉ်းသော ကိစ္စရပ်များအား ဆောင်ရွက်နေသည်။ ၎င်းတို့တွင် နိမ့်ပါးသော လူနေမှုအဆင့်အတန်းများ၊ အလွန်အမင်း လူများ ပြွတ်သိပ်နေခြင်း၊ အာဟာရမပြည့်ဝမှုများ၊ ကျန်းမာရေး စောင့်ရှောက်မှုမရှိခြင်း၊ ရေနှင့် အစားအစာမလုံလောက်ခြင်း၊ ရှည်လျားပြီး ရက်ကာလ အတိအကျ မရှိသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ထိန်းသိမ်းထားရှိမှုများ ပါဝင်သည်။

## အခြေခံကျသော လွတ်လပ်မှုများ၊ အထူးအားဖြင့် လွတ်လပ်စွာ ပြောဆိုခွင့်

ICCPR ၏ အပိုဒ် ၁၈၊ ၁၉၊ ၂၀ နှင့် ၂၁ သည် လူတိုင်း၏ လွတ်လပ်စွာ ပြောဆိုခွင့်ကို ကာကွယ်သည်။ ဆိုလိုသည်မှာ ဘာသာရေး၊ ဖော်ထုတ်ပြသမှု၊ ဖွဲ့စည်းမှုနှင့် ငြိမ်းချမ်းစွာ စည်တန်းမှုတို့အတွက် အခွင့်အရေးဖြစ်ပါသည်။ HR Committee အနေနှင့် ထိုအခွင့်အရေးများ ရရှိရေးနှင့် ခွင့်ပြုနိုင်သော အကန့်အသတ်များကို ဆွေးနွေးဆောင်ရွက်နေသည်။ ICESCR သည် ထိုအခွင့်အရေးများကို တိုက်ရိုက်ဖြစ်စေ အတိအကျဖြစ်စေ ကာကွယ်သော ပြဋ္ဌာန်းချက်များ မပါဝင်ချေ။ သို့သော် CESCR သည် ICESCR ၏ အပိုဒ် ၁၅ အရ အခြားသော လွတ်လပ်ခွင့်များနှင့် ဆက်နွယ်နေပြီး ယဉ်ကျေးမှုဘဝအဖြစ် ပါဝင်နိုင်ရေးအတွက် အခွင့်အရေးဖြစ်သော ၎င်းနှင့် သက်ဆိုင်သော ကိစ္စရပ်များအား ဆောင်ရွက်နေသည်။ တားမြစ်မှုများ၊ ဆင်ဆာကိစ္စများ၊ Lese Majeste နှင့် ပတ်သက်၍ ပြင်းထန်သော အနက်ပြန်ဆိုမှုများနှင့် အသုံးပြုမှုများ၊ ယဉ်ကျေးမှုဘဝနှင့် တီထွင်ဆန်းသစ်မှုများ အတွက် အရေးပါသော လွတ်လပ်စွာ ထုတ်ဖော်ခွင့်အပေါ် ကန့်သတ်မှုများနှင့် ပတ်သက်၍ ဆောင်ရွက်နေသည်။ CESCR အနေနှင့် သတင်းထောက်များ၊ လုပ်သားသမဂ္ဂအဖွဲ့ဝင်များ၊ အရပ်ဘက်အဖွဲ့အစည်းဝင်များအပါအဝင် HRDs များ၏ နယ်ပယ်ကျဉ်းမြောင်းလာခြင်းနှင့် မတူညီသော အသံများအားဖော်ပြခွင့် နည်းပါးလာခြင်း အတွက်လည်း ဆောင်ရွက်လျက်ရှိသည်။

## လွတ်လပ်စွာ ကိုးကွယ်ခွင့်

အပိုဒ် ၁၈ ICCPR သည် လူတစ်ဦးချင်းစီ၏ အတွေးအခေါ်၊ ယုံကြည်ချက်နှင့် ဘာသာရေးအယူအဆများ ထားရှိခွင့် (မထားရှိခွင့် သို့မဟုတ် ပြောင်းလဲခွင့်) ကို ကာကွယ်ပြီး ထိုလွတ်လပ်မှုကို ICCPR တွင် အာမခံထားသော အခြားအခွင့်အရေးများအား ဖောက်ဖျက်ရန် အကြောင်းပြချက်အဖြစ် အသုံးပြုနိုင်မည်မဟုတ်ပါ။ HR Committee သည် ထိုလွတ်လပ်ခွင့်နှင့် ဆက်စပ်နေသော ကိစ္စရပ်အမျိုးမျိုးဖြစ်သော ဘာသာတရားကို ပြောင်းလဲခွင့်နှင့် ပြောင်းလဲခြင်းဆိုင်ရာ စည်းမျဉ်းများ၊ ဘာသာတရားကို မှတ်ပုံတင်ခြင်းနှင့် အကန့်အသတ်များ၊ နိုင်ငံတော်ဘာသာ အား ပံ့ပိုးကူညီခြင်း၊ ကိုးကွယ်ရာနေရာများအား ကာကွယ်ထိန်းသိမ်းခြင်း၊ နိုင်ငံတော်ဘာသာအနေနှင့် တရားစီရင်ရေးအပါအဝင် အများပြည်သူဆိုင်ရာ နေရာတစ်ရပ် ရရှိခွင့်၊ ကျောင်းများတွင် ဘာသာရေးအတန်းများနှင့်

စစ်မှုထမ်းခြင်း ကိစ္စရပ်များတွင် ဘာသာတရားဆိုင်ရာ ဆောင်ရွက်မှုများအား တားမြစ်ခြင်းတို့နှင့် ပတ်သက်၍ ဆောင်ရွက် သည်။

ICESCR အနေနှင့် ထိုလွတ်လပ်ခွင့်နှင့် ပတ်သက်၍ တိုက်ရိုက်ဆက်နွယ်သော ပြဋ္ဌာန်းချက်များ မရှိသော်လည်း CESCR သည် ICESCR ၏ အပိုဒ် ၃ နှင့် ၁၀ အရ (အမျိုးသမီးများအား အတင်းအဓမ္မလက်ထပ်ယူရာတွင်) ဘာသာတရားအား အတင်းအဓမ္မပြောင်းလဲစေခြင်းနှင့် ပတ်သက်၍ ကိုင်တွယ်ဆောင်ရွက်နေသည်။

## လွတ်လပ်စွာ အဖွဲ့အစည်းဖွဲ့စည်းခွင့်

ICCPR ၏ အပိုဒ် ၂၂ သည် အခြားသူများနှင့် လွတ်လပ်စွာ ပေါင်းစည်းခွင့်အပါအဝင် ကုန်သွယ်ရေးသမဂ္ဂများ တည်ထောင်ခွင့်၊ ပါဝင်ခွင့်၊ ပြောင်းလဲခွင့်၊ မပါဝင်ခွင့်တို့ကို ကာကွယ်ထားသည်။ ၎င်းသည် အမျိုးမျိုးသော ဖွဲ့စည်းခွင့်များကို ဖော်ပြထားသည်။ ဥပမာ လူ့အခွင့်အရေးဆိုင်ရာ၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာတရား၊ ယဉ်ကျေးမှု သို့မဟုတ် အားကစားဆိုင်ရာ ဖွဲ့စည်းခွင့်များ ဖြစ်ပါသည်။ သို့သော် အမုန်းတရား၊ ခွဲခြားဆက်ဆံခြင်းနှင့် အကြမ်းဖက်မှုများအား အားပေးရန် အဖွဲ့အစည်းဖွဲ့စည်းခြင်းကိုမူ ယခုအပိုဒ်တွင် (အပိုဒ် ၁၉၊ ၂၀ နှင့် ၂၁ တို့နှင့်ဆက်လျဉ်း၍) တားမြစ်နိုင်သည်။

CESCR သည် အပိုဒ် ၈ ICESCR ၏ ကုန်သွယ်မှုသမဂ္ဂအခွင့်အရေးများနှင့် ပတ်သက်သော လွတ်လပ်စွာ အဖွဲ့အစည်းဖွဲ့စည်းခွင့်ကို အာရုံစိုက်သည်။ ၎င်းတို့တွင် နိုင်ငံခြားသားများ အပါအဝင် လူတစ်ဦးချင်း၏ သမဂ္ဂများ ဖွဲ့စည်းခွင့်နှင့် ပူးပေါင်းပါဝင်ခွင့်၊ အစိုးရဝန်ထမ်းများနှင့် အခြားသော တရားမဝင်ကဏ္ဍများမှ လုပ်သားများ၏ ဆန္ဒထုတ်ဖော်ခွင့် စသော အခွင့်အရေးများကို ဖောက်ဖျက်ခြင်း သို့မဟုတ် ကန့်သတ်ခြင်း၊ ခေါင်းဆောင်များ၊ တက်ကြွသူများနှင့် အဖွဲ့ဝင်များအား မမျှတသော ထုတ်ပယ်ခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ ခြိမ်းခြောက်ခြင်း၊ စော်ကားမော်ကားပြုမူခြင်း၊ အကြမ်းဖက်ခြင်းနှင့် လက်စားချေခြင်းကိစ္စရပ်များ ပါဝင်သည်။ အချို့သော ကိစ္စများတွင် CESCR သည် အရပ်ဘက်အဖွဲ့အစည်းများ နှင့် NGOs များ၏ မှတ်ပုံတင်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်း ကိစ္စရပ်များနှင့် ပတ်သက်သော လွတ်လပ်စွာ ဖွဲ့စည်းခွင့်ကို ဆောင်ရွက်သည်။ ၎င်းတို့၏ လုပ်ငန်းများအပေါ် မလိုလားအပ်သော အကန့်အသတ်များ ထားရှိခြင်း၊ အထူးသဖြင့် နိုင်ငံခြားအထောက်အပံ့ဖြင့် လည်ပတ်သော အဖွဲ့အစည်းများ၊ အလွန်အမင်းများပြားသော လိုအပ်ချက်များနှင့် ထိန်းချုပ်မှုများကြောင့် လူ့အခွင့်အရေးဆိုင်ရာ NGOs များအနေနှင့် တည်ထောင်ရန်နှင့် မှတ်ပုံတင်ရန်အတွက် ကြုံတွေ့ရသော အခက်အခဲများကို ဆောင်ရွက်သည်။

## မွေးစာရင်း

HR Committee သည် ICCPR ၏ အပိုဒ် ၁၆ (ဥပဒေရှေ့မှောက်တွင် လူတစ်ဦးအဖြစ် အသိအမှတ်ပြုခြင်း) နှင့် အပိုဒ် ၂၄ (ကလေးသူငယ်အခွင့်အရေးများ) အရ မွေးစာရင်းဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်သည်။ အထူးသဖြင့် ကျေးလက် သို့မဟုတ် ဝေးလံခေါင်ဖျားသော အရပ်ဒေသများတွင် မွေးစာရင်း ရရှိမှုနည်းပါးခြင်းပြဿနာနှင့် ဌာနေတိုင်းရင်းသားများ၊ ဒုက္ခသည်များ၊ ခိုလှုံခွင့်တောင်းခံသူများ၊ နိုင်ငံမဲ့များနှင့် လက်မထပ်ဘဲ မွေးဖွားလာသော ကလေးသူငယ်များအတွက် မွေးစာရင်းရရှိရန် ရင်ဆိုင်ရသော အခက်အခဲများကို ကိုင်တွယ်ဆောင်ရွက်နေသည်။ CESCR အနေနှင့် ICESCR ၏ အပိုဒ် ၁၀ အရ (ဘာသာတရားအရ) လူနည်းစုများ၊ ဒုက္ခသည်များနှင့် ခိုလှုံခွင့်တောင်းခံသူများအပါအဝင် နိုင်ငံခြားသားများ၊ မိဘတစ်ဦးတည်းသာရှိသော ကလေးသူငယ်များအားလုံးအား မွေးစာရင်း ပေးအပ်ရန် အကြံပြုပါသည်။

*********